
# မိုးပွင့်

♥ စောင်း ညနေ
နှောင်းလေနွေ ဝသန်ဦး။

♥ လျှပ်ပြက်ငယ်ကြဲ
မိုးဆန်း မာလာငုံသို့
ယဉ်ပုံ မြင်ရှုဆန်းတယ်
လန်းလတ်ရွှယ်လူး။





# ဂန္တဝင်ချစ်သူ

♥ တခါပေမယ့်
မမြင်ရမှာမို့ မလွဲသာ
မရှင်ပျပါလို့ အသဲနာ
ခွဲကာနီး ကာလလေး။

♥ တကယ်မမေ့သူမို့
ဘယ်နေ့ ကိုယ်လာမယ်လို့
ဘယ်နေ့ ကြိုပါမယ်လို့
ငိုကာကွယ် အလွမ်းသယ်ရစ်တဲ့
တို့အချစ်ကို ဘယ်သူမီပါ့
ဤကမ္ဘာ ဆယ်ခွာရှေ့တောင်
ရှာတွေ့ဖို့ဝေး။